# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 1 5, 2024 Volume 83, Number 11

၁၅.၁၀.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၉၁. ၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၀၄.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၄၆.၆ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၉.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၅.၁၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၉၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၇.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၉၅၉ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်၌ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ဆန်စပါး၊ ကြက်သွန်နီနှင့် ပဲမျိုးစုံသီးနှံတို့ကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်းသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ပဲတီစိမ်းအများဆုံး စိုက်ပျိုးလျက်ရှိသည့် ငွေလေး၊ ကွင်း၊ ဖန်ခါးပင်၊ စစ်တလင်းစသည့်ကျေးရွာများတွင်စိုက်ပျိုးဧကပေါင်း ၂၅၀ ဧကခန့် စိုက်ပျိုးထားသည်။

ပဲတီစိမ်းသီးနှံကို ဩဂုတ်လနောက်ဆုံးပတ်နှင့် စက်တင်ဘာလ၊ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြကြောင်း၊ မျိုးစေ့အနေဖြင့် ပဲတီစိမ်း (ကျောက်စိမ်း)ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ ၉ ပြည်ခန့် ကုန်ကျပြီး ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် ကျပ် ၅၀၀,၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၈–၂၀ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းသီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ကျပ် ၅၅,၀၀၀–၆၀,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် ကျပ် ၇၀၀,၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ၊ ပထမပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ကျပ် ၆၀,၀၀၀–၆၅,၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့နှင့်

မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်း သီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး အထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း ပဲတီစိမ်းစိုက်တောင်သူတစ်ဦးထံမှ သိရသည်။

**Source: ကြေးမုံသတင်းစာ**

## ပြည်ပသို့ ပြောင်းတင်ပို့မှု သတ်မှတ်လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့၊ နိုင်ငံခြားဝင်ငွေ တတိယအများဆုံးရရှိသည့် လယ်ယာထွက်သီးနှံဖြစ်

ယခု ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်၏ ပထမ ၆ လပတ်အတွင်း ပြည်ပပြောင်းတင်ပို့မှုသည် သတ်မှတ်လျာထားချက်ထက် ကျော်လွန်တင်ပို့နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ က အမျိုးသားပို့ကုန်မဟာဗျူဟာ အစိုးရ-ပုဂ္ဂလိကပို့ကုန်မြှင့်တင်ရေးကော်မတီ၏ (၃/၂၀၂၄) ကြိမ်မြောက်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပို့ကုန်အမည်တစ်ခုချင်းအလိုက် တင်ပို့ရန် သတ်မှတ်လျာထားချက်များရှိပြီး ပြောင်းတင်ပို့မှုတွင် ပထမ ၆ လပတ်အတွင်း တင်ပို့မှုသည် သတ်မှတ်လျာထားချက်ထက် ကျော်လွန်အောင် တင်ပို့နိုင်သည်ကို တွေ့ရှိရကာ အခြားပို့ကုန်အမည် တစ်ခုချင်းအလိုက်သတ်မှတ်လျာထားချက်များကို ပြည့်မီအောင်တင်ပို့နိုင်ရန် လိုအပ်နေသေးကြောင်း ပြည်ထောင်စုဝန်ကြီးကဆိုသည်။

လက်ရှိ ပြည်ပသို့ တင်ပို့နေသော မြန်မာ့လယ်ယာထွက်ကုန် သီးနှံများအနက် ပဲမျိုးစုံတင်ပို့မှုမှ နိုင်ငံခြားဝင်ငွေ အများဆုံးရရှိနေပြီး ဆန်တင်ပို့မှုမှ ဒုတိယအများဆုံးရရှိကာ ပြောင်းတင်ပို့မှုမှ တတိယအများဆုံး ရရှိနေခြင်းဖြစ်ကြောင်း တစ်နှစ်လျှင် မြန်မာနိုင်ငံမှ စိုက်ပျိုးထွက်ရှိသော ပြောင်းသီးနှံ၏ သုံးပုံနှစ်ပုံခန့်ကို ပြည်ပသို့တင်ပို့နေခြင်းဖြစ်ပြီး ကျန်သုံးပုံတစ်ပုံခန့်ကို ပြည်တွင်း၌ သုံးစွဲလျက်ရှိကြောင်းသိရသည်။

လက်ရှိပြည်တွင်း၌ တစ်နှစ်လျှင် ပြောင်းထုတ်လုပ်မှုပမာဏ မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့် ရှိသည့်အနက် တန်ချိန် ၂ ဒသမ ၂ သန်းခန့်ကို ပြည်ပသို့တင်ပို့ပြီး ကျန်တန်ချိန် တစ်သန်းခန့်ကို ပြည်တွင်း၌ သုံးစွဲကြောင်း သိရသည်။

**Source : https://www.popularmyanmar.com/**

## မကွေးတိုင်းဒေသကြီး GAP နှမ်းစိုက်တောင်သူများ စုပေါင်းရောင်းချပွဲကျင်းပ

မကွေးတိုင်းဒေသကြီးအတွင်းရှိ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းများ စုပေါင်းရောင်းချပွဲတော်ကို စက်တင်ဘာ ၃၀ ရက်မှ အောက်တိုဘာ ၁၂ ရက်အထိ မကွေးမြို့ သင်ကြားရေးဆေးရုံလမ်းရှိ မြင့်မြတ်တော်ဝင်ကုမ္ပဏီဂိုထောင်တွင် ရောင်းချခဲ့ကြောင်း မကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ သိရသည်။

အောက်တိုဘာလဆန်းပိုင်းတွင် စမုန်နှမ်းနက် တစ်တင်းလျှင် ကျပ် ၂၂၅,၀၀၀ ဝန်းကျင်နှင့် နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၄၅,၀၀၀ ပေါက်ဈေးများနှင့် ရောင်းချနေခြင်းဖြစ်သည်။

GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် နှမ်းများကို စုပေါင်းရောင်းချခြင်းမှာ တောင်သူများအတွက် အဆင်ပြေမှုရှိသောကြောင့် ၂၀၁၇ ခုနှစ်ကတည်းက စုပေါင်းရောင်းချလာခြင်းဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးထားသည့် အခြားသီးနှံများကိုလည်း စုပေါင်းရောင်းချပွဲတွေဆောင်ရွက်နေကြောင်းမကွေးတိုင်းဒေသကြီးတောင်သူဖွံ့ဖြိုးရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စုပေါင်းရောင်းချပွဲတော်မှာ တစ်နှစ်ထက်တစ်နှစ် ရောင်းချမှုပမာဏ ပိုမိုများပြားလာသလို ရောင်းသူ၊ ဝယ်သူ နှစ်ဦးနှစ်ဖက်အဆင်ပြေသည့် အစီအစဉ်ဖြစ်သည့်အပြင် တောင်သူများအတွက် ဈေးကောင်းပိုမိုရရှိကြောင်း နှမ်းစိုက်သည့် တောင်သူများက ပြောသည်။

နှမ်းမျိုးစုံဈေးကွက်မှာ နယ်စပ်ကုန်သွယ်မှုများမှ တင်ပို့နိုင်ခြင်းမရှိသော်လည်း ပြည်တွင်းဆီစက်ပိုင်များ၏ ဝယ်လိုအား ကောင်းနေခြင်းကြောင့် မန္တလေးဈေးကွက်၌ အောက်တိုဘာ ၁၁ ရက်တွင် နှမ်းနက်(စမုန်) ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၁၅,၀၀၀-၆၃၅,၀၀၀- ၆၆၀,၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၃၅၀,၀၀၀၊ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၂၉၀,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source : မကွေးဂျာနယ်**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ၈၀,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်းပန်းတနော်မြို့နယ်ဆန်၊ စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်းက ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ ပြီးခဲ့တဲ့ စက်တင်ဘာလထဲမှာ ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်ကို ညှော်မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၈၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိမှာလဲ ညှော်မထဆန်တွေ ဝယ်ယူမှုများပြားပြီး အရောင်းအဝယ်ကောင်းမွန်နေပါတယ်။ ရန်ကုန်ဈေးကွက်ကို ညှော်မထဆန်တွေ များများတင်ပို့ ရောင်းချနိုင်ခဲ့ပါတယ်” ဟု ပန်းတနော်မြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တစ်ဦးကပြောပြသည်။

ပန်းတနော်မြို့နယ်တွင် ညှော်မထဆန်များကို စနစ်ကျကြိတ်ခွဲ သန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း ၊ အဆိုပါ ညှော်မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၁၂၀,၀၀၀ထိ ပေါက်ဈေးရှိကြောင်း ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ညှော်မထဆန်များကို ဝယ်ယူမှုများပြားလာသည့်အတွက် ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ယာဉ်အငှားလိုက်သည် လုပ်ငန်း လုပ်ကိုင်သူများသည် အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း ပန်းတနော်မြို့နယ် ဆန်၊စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် တစ်ဦးထံမှ သိရသည်။

**Source : ရတနာပုံသတင်းစာ**

## ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၀,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ငါးမြွေထိုး ပိဿာချိန် ၆၀,၀၀၀ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်းကျိုက်လတ်မြို့နယ်ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ငါးမြွေထိုးများကို ဝယ်ယူပြီး စနစ်တကျ ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ဩဂုတ်လအတွင်းက ငါးမြွေထိုး ပိဿာချိန် ၆၀,၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

“ ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်သို့ ငါးမြွေထိုးတွေကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလ အတွင်း ရန်ကုန်ဈေးကွက်ကို ငါးမြွေထိုး တင်ပို့ရောင်းချအားကောင်းခဲ့ပါတယ်။ တစ်လအတွင်း ငါးမြွေထိုးတွေ မှာယူမှုများနေ လို့ တင်ပို့အားကောင်းလာတာဖြစ်ပါတယ်။ အခုလို တင်ပို့ရောင်းချရတော့ ရေထွက်ကုန်လုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး

အလုပ်အကိုင်အခွင့်အလမ်းကောင်းလာတာ တွေ့ရပါတယ်” ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်တစ်ဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက် ငါးမြွေထိုး တစ်ပိဿာလျှင် ကျပ် ၂၁,၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ငါးမြွေထိုးများ ပိုမိုတင်ပို့ ရောင်းချလာရခြင်းကြောင့် ရေထွက်ကုန်လုပ်ငန်းနှင့် ဆက်စပ်သူများ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source : ရတနာပုံသတင်းစာ**

## အာရှဈေးကွက်သို့ရောင်းချသည့် ရေနံစိမ်းဈေးနှုန်းများ ဆော်ဒီအာရေဗျ တိုးမြှင့်




ရေနံကုန်သွယ်ရောင်းဝယ်သူများအနေဖြင့် အရှေ့အလယ်ပိုင်းဒေသ၌ ပဋိပက္ခဖြစ်ပေါ်မှု၏ တိုးတက်ဖြစ်ပေါ်မှု အခြေအနေကို စောင့်ကြည့်လျက်ရှိမှုနှင့်အတူ ရေနံစိမ်းဈေးကွက် မတည်ငြိမ်မှုဖြစ်နေစဉ်မှာပင် အာရှဒေသရှိ ဝယ်ယူသူများထံသို့ အဓိကရောင်းချသည့် ရေနံဈေးနှုန်းများကို ဆော်ဒီအာရေဗျနိုင်ငံက တိုးမြှင့်လိုက်ကြောင်း သိရသည်။

Bloomberg မှ ထုတ်ပြန်ထားသည့် သတင်းတွင် ဆော်ဒီအာရေဗျရှိ ရေနံထုတ်လုပ်သည့် ကုမ္ပဏီဖြစ်သည့် Saudi Aramco အနေဖြင့် အာရှဒေသရှိ ဝယ်လက်များသို့ အဓိကရောင်းချသော Arab Light အဆင့်ရှိ ရေနံစိမ်းတစ်စည်လျှင် ပရီမီယံကြေးကို ဆင့် ၉၀ တိုးမြှင့်ပြီး အမေရိကန် ဒေါ်လာ ၂ ဒသမ ၂၀ နှုန်း သတ်မှတ် ခဲ့ကြောင်း၊ ရေနံကုန်သည်များနှင့် ရေနံသန့်စင်သည့် ကုမ္ပဏီများကမူ ကုမ္ပဏီအနေဖြင့် ရေနံတစ်စည်လျှင် ပရီမီယံကြေးကို ၆၅ ဆင့်အထိ ဈေးနှုန်းမြှင့်တင်လိမ့်မည်ဟု ခန့်မှန်းထားခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် Aramco ကုမ္ပဏီသည် အမေရိကန်နှင့် ဥရောပသို့ တင်ပို့သည့် ရေနံအဆင့်အတန်းအမျိုးမျိုးတို့၏ ဈေးနှုန်းကို လျှော့ချခဲ့ကြောင်း သိရသည်။

အစ္စရေးနိုင်ငံက လက်ဘနွန်ဒေသသို့ ကျူးကျော်ဝင်ရောက်လျက် ဟစ်ဇဘိုလာအဖွဲ့၏ ခေါင်းဆောင်ပိုင်းကို သုတ်သင်ရှင်းလင်းတိုက်ခိုက်ခဲ့မှုကို တုံ့ပြန်မှုအဖြစ် အောက်တိုဘာလဆန်းပိုင်းတွင် အီရန်မှ အစ္စရေးသို့ မစ်ဆိုင်းဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ချိန်မှ စတင်၍ ရေနံဈေးနှုန်းများမှာ မြင့်တက်လာခဲ့သည်။

အစ္စရေး၏ ပြန်လည်လက်တုံ့ပြန်မည့် အလားအလာနှင့် ဖုံးကွယ်တိုက်ခိုက်မှုများ အကြားမှာပင် Brent ရေနံစိမ်း၏ စံပြုဈေးနှုန်းသည် အောက်တိုဘာလ ပထမသီတင်းပတ်၌ ၈ ရာခိုင်နှုန်းကျော် မြင့်တက်ခဲ့ပြီး ရေနံတစ်စည်လျှင် ၇၈ အမေရိကန်ဒေါ်လာနှုန်းခန့်ဖြင့် ကုန်သွယ်လျက်ရှိသည်။

ပဋိပက္ခဖြစ်ပွားမှုများသည် ဈေးကွက်ထောက်ပံ့မှုကို အဟန့်အတားမပြုခြင်းနှင့် ရေနံရောင်းချသူများအနေဖြင့် ဝယ်လိုအားလျော့နည်းမှု အပေါ်တွင်သာ အာရုံစိုက်နေခဲ့ခြင်းတို့ကြောင့် ဒေသတွင်းပြဿနာအများစုကို ဈေးကွက်များက အလေးမထားပဲရှိနေခဲ့ကြသည်။

တရုတ်နိုင်ငံ၏ ရေနံသုံးစွဲမှု တဖြည်းဖြည်းကျဆင်းလာခြင်းက ဈေးကွက်အတွင်း ရေနံစိမ်းပိုလျှံမှု ဖြစ်ပေါ်လာစေမည်ကို စိုးရိမ်မှုများရှိနေပြီး ဆော်ဒီအာရေဗျနှင့် ရုရှားတို့ ဦးဆောင်သော အိုပက်နှင့်မဟာမိတ်အဖွဲ့သည် ရေနံထုတ်လုပ်မှု တိုးမြှင့်မည့် အစီအစဉ်ကို ဒီဇင်ဘာလဆန်းအထိ ၂ လကြာ ရပ်ဆိုင်းထားခဲ့သည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများ၏ မိမိတို့ဆန္ဒအလျောက် ရေနံထုတ်လုပ်မှု လျှော့ချခြင်းသည် အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရေနံထုတ်လုပ်မှု ကျဆင်းနေခြင်းများကို ပြန်လည်မြှင့်တင်ရန်အတွက် ယခင်စီစဉ်ထားသည့် အစီအမံကို ကျော်လွန်

လိမ့်မည်မဟုတ်ကြောင်း၊ ရေနံစည်များ ပြန်လည်စတင် ရောင်းချနိုင်မှု နှောင့်နှေးကြန့်ကြာနေခြင်းက လွန်ခဲ့သော ၄ လ ကတည်းက ဆော်ဒီအာရေဗျ၏ ရေနံတင်ပို့မှုကို တစ်ရက်လျှင် ရေနံစည် ၆ သန်းအောက်သို့ ရောက်ရှိမှု ဖြစ်ပေါ်စေလျက်ရှိကြောင်း သိရသည်။

**Source: The Edge Malaysia, 06 Oct 2024**

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ဆန်တင်သွင်းမှုအပေါ် အခွန်လျှော့ချပေးဖွယ်ရှိ



ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဆန်ဈေးနှုန်းများ တည်ငြိမ်စေရေး အတွက် ဆန်တင်သွင်းမှုအပေါ် အခွန်စည်းကြပ်မှုကို လျှော့ချရန် အစိုးရကသုံးသပ်လျက်ရှိပြီး မကြာမီက ရေလွှမ်းမိုးမှုများကြောင့် စပါးစိုက်ပျိုးမှုအပေါ် ပြင်းထန်စွာထိခိုက်မှုဖြစ်ပေါ်ခဲ့သဖြင့် ယခုကဲ့သို့ ချင့်ချိန်စဉ်းစားရန်ဆုံးဖြတ်ရခြင်းဖြစ်သည်ဟု ဘဏ္ဍာရေး ၊ကုန်သန်းရောင်းဝယ်ရေးနှင့် စားနပ်ရိက္ခာဝန်ကြီးဌာနများ၏ သတင်းရင်းမြစ်များတွင် ဖော်ပြထားကြောင်း သိရသည်။

စပါးအဓိကစိုက်ပျိုးသောဒေသများဖြစ်သည့် Chattogram, Feni, Noakhali, Laxmipur နှင့် Cumilla ခရိုင်များသည် ရေလွှမ်းမိုးခြင်းခံခဲ့ရပြီး လက်ရှိကာလတွင် Rangpur, Sherpur, Lalmonirhat, Netrokona နှင့် Mymensingh ခရိုင်များ၌လည်း ရေလွှမ်းမိုးမှုကို ရင်ဆိုင်နေရဆဲဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းဈေးကွက်တွင် ဆန်ဈေးနှုန်းများသည် သိသိသာသာ မြင့်တက်လာပြီး စားသုံးသူများအတွက် အခက်အခဲ ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ သတင်းရင်းမြစ်များအရ ဆန်အမျိုးအစားအမျိုးမျိုး၏ ဈေးနှုန်းများသည် မကြာသေးမီက ၈ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယခုအခြေအနေ၌ အစိုးရအနေဖြင့် ဆန်တင်သွင်းမှုမှတစ်ဆင့် ဈေးနှုန်းများအား ထိန်းချုပ်ရန်နှင့် ဈေးကွက် တည်ငြိမ်မှုရှိစေရန် ရည်ရွယ်ထားပြီး ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်ကို လျှော့ချရန် ကနဦးအစပြု လုပ်ဆောင်နေကြောင်းဖြင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

လက်ရှိကာလ၌ ဆန်တင်သွင်းမှုအပေါ် စည်းကြပ်သည့် အခွန်နှုန်းမှာ ၆၂ ဒသမ ၅၀ ရာခိုင်နှုန်းရှိသည်။ အခွန်စည်းကြပ်မှုကို ၅ ရာခိုင်နှုန်းအထိ လျှော့ချပေးရန် တောင်းဆိုသည့် အကြောင်းကြားစာကို စားနပ်ရိက္ခာဝန်ကြီးဌာနမှ တွဲဖက်အတွင်းဝန် Lutfar Rahman က လက်မှတ်ရေးထိုးလျက် အမျိုးသားအခွန်ကြီးကြပ်မှုဘုတ်အဖွဲ့ထံသို့ စက်တင်ဘာ ၂၉ ရက်တွင် ပေးပို့ခဲ့သည်။ အဆိုပါစာ၌ စားနပ်ရိက္ခာဖူလုံမှုရှိစေရေးအတွက် ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုနှင့် ဈေးကင်းပြီး အာဟာရပြည့်ဝသော အစားအစာများပံ့ပိုးပေးခြင်းကို စားနပ်ရိက္ခာဝန်ကြီးဌာနက လုပ်ဆောင်နေကြောင်း အလေးပေးဖော်ပြထားသည်။

စားနပ်ရိက္ခာဖူလုံမှုရှိရန်နှင့် တောင်သူလယ်သမားများအား လှုံ့ဆော်ရန်အတွက် အစိုးရသည် Boro ခေါ် ဆောင်းသီးနှံရာသီတွင် စပါးတန်ချိန် ၅၀၀,၀၀၀ နှင့် ဆန်တန်ချိန် ၁၄,၇၀၀,၀၀၀ ကို ဝယ်ယူရန် လျာထားကြောင်း၊ ဩဂုတ် ၃၁ ရက်အထိ စပါး ၂၉၆,၉၇၀ တန်နှင့် ဆန် ၁,၂၅၅,၄၉၇ တန် စုဆောင်းနိုင်ခဲ့ကြောင်း၊ လက်ရှိကာလ၌ အစိုးရ၏ အရန်သိုလှောင်မှုတွင် ဆန်တန်ချိန် ၁,၂၆၄,၇၄၀ နှင့် ဂျုံ ၄၆၃,၉၂၈ တန်၊ စုစုပေါင်း ကောက်ပဲသီးနှံ ၁၇,၅၄,၁၉၉ တန်ရှိကြောင်း သိရသည်။

သို့သော် ရေလွှမ်းမိုးမှုကို ကြုံတွေ့ရပြီးနောက် ဆန်ဈေးနှုန်းများသည် ထုတ်လုပ်မှုအဆင့်၊ လက်ကားနှင့် လက်လီရောင်းချမှုအဆင့်များ၌ သိသာစွာ မြင့်တက်လာခဲ့သည်။

ဤအခြေအနေအပေါ် တုံ့ပြန်မှုအဖြစ် စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာန၊ စားသုံး သူကာကွယ်ရေးညွှန်ကြားမှုဦးစီးဌာနနှင့်

ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များသည်ဈေးနှုန်းထိန်းချုပ်ရန်အတွက်ဈေးကွက်စောင့်ကြည့်စစ်ဆေးမှုကိုတိုးမြှင့်ဆောင်ရွက်ခဲ့သည်။

သင့်တင့်မျှတသော ဈေးကွက်ဖြစ်ပေါ်စေရေးစောင့်ကြည့်ကြပ်မတ်ခြင်းနှင့်တရားမဝင်သိုလှောင်မှုများအား စစ်ဆေးအရေးယူခြင်းတို့ကို လုပ်ဆောင်နေသော်လည်း ဆန်ဈေးနှုန်းမှာ ဆက်လက်မြင့်တက်လျက်ရှိကြောင်း သိရသည်။

မကြာသေးမီက ခရိုင် ၁၄ ခုတွင် ရေလွှမ်းမိုးမှုများကြောင့် မိုးကြိုစပါးခင်းများ၊ မိုးစပါးပျိုးပင်များနှင့်စိုက်ခင်းများ ဆိုးရွားစွာ ပျက်စီးခဲ့သည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာနက ဖော်ပြခဲ့သည်။

ဆန်ရောင်းလိုအား ကျဆင်းလာမှုနှင့်အတူ ဝယ်လိုအားများပြားမှုက ဆန်ဈေးနှုန်းများကို ပိုမိုမြင့်မားစေဖွယ်ရှိသည်။ ထို့ပြင် အိန္ဒိယ၏ ဂျုံတင်ပို့မှု တားမြစ်ပိတ်ပင်ခြင်း၊ ရုရှား-ယူကရိန်းစစ်ပွဲကြောင့် ဂျုံတင်သွင်းမှု လျော့ကျခြင်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာဈေးနှုန်းများ မြင့်တက်လာခြင်းတို့ကြောင့် စပါးဈေးများ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ဤအခြေအနေတွင် ဆန်ဈေးကွက်တည်ငြိမ်ရေးနှင့် အစိုးရ၏ အရန်ရိက္ခာသိုလှောင်မှုများ တိုးမြှင့်ရေးသည် မဖြစ်မနေ လိုအပ်လျက်ရှိသည်။

ပုဂ္ဂလိကကဏ္ဍမှ ဆန်တင်သွင်းရန်မှာလည်း လိုအပ်ဖွယ်ရှိပြီး အစိုးရအနေဖြင့် ဆန်တန်ချိန် ၅၀၀၀၀၀ ကို တင်သွင်းရန် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ဆန်ဈေးကွက်၌ ဈေးနှုန်းများသည် လက်ရှိ ဘင်္ဂလားဒေ့ရှ် ပြည်တွင်းဈေးကွက်ထက် ပိုမိုမြင့်မားနေသော်လည်း ဆန်တင်သွင်းမှုအပေါ် အခွန်ကို ၆၂ ဒသမ ၅၀ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ လျှော့ချခြင်းမှာ ဈေးနှုန်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်ရန်လိုအပ်သည့်လုပ်ဆောင်ချက်တစ်ခုအဖြစ် ရှုမြင်နိုင်ကြောင်း၊ လက်ရှိကာလ ဆန်တင်သွင်းရာတွင် စည်းကြပ်သည့် အခွန်အခများ၌ အကောက်ခွန် ၂၅ ရာခိုင်နှုန်း၊ ကြီးကြပ်မှုအခွန် ၂၅ ရာခိုင်နှုန်း၊ ကြိုတင်ဝင်ငွေခွန် ၅ ရာခိုင်နှုန်း၊ ကြိုတင်အခွန် ၅ ရာခိုင်နှုန်း၊ အာမခံ ၁ ရာခိုင်နှုန်း၊ ဆိပ်ကမ်းချခ ၁ ရာခိုင်နှုန်းနှင့် DF VAT ခေါ် စာရွက်စာတမ်းကြေးအပေါ် တန်ဖိုးထပ်ဆောင်းအခွန် ၀ ဒသမ ၅ ရာခိုင်နှုန်းတို့ ပါဝင်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် မကြာသေးမီက ၎င်း၏ ဆန်တင်ပို့မှုအခွန်ကို ၂၀ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းသို့ လျှော့ချခဲ့ရာ အကယ်၍ ဘင်္ဂလားဒေ့ရှ်သည် သွင်းကုန်အခွန်ကို ၅ ရာခိုင်နှုန်းသို့ လျှော့ချပါက အိန္ဒိယထံမှ ဆန်များကို တင်သွင်းရာတွင် အခွန်စုစုပေါင်း ၁၅ ရာခိုင်နှုန်းသာ ကျရောက်မှုရှိမည် ဖြစ်သည်။

ယခုကဲ့သို့ အခွန်လျှော့ချခြင်းသည် ပြည်တွင်းဝယ်လိုအားကို ဖြည့်ဆည်းပေးနိုင်ရေး သွင်းကုန်လုပ်ငန်းရှင်များသို့ တွန်းအားဖြစ်စေလိမ့်မည်ဟု စားနပ်ရိက္ခာဝန်ကြီးဌာန၏ အကြောင်းကြားစာတွင် ဖော်ပြထားသည်။

အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍနှစ်ရပ်လုံးမှ ဘာစမာတီမဟုတ်သော ပေါင်းဆန်နှင့် ရနံ့မရှိသော တစ်ပိုင်းတစ်စပေါင်းဆန် (Atap rice) တို့အပေါ် အခွန်လျှော့ချမှုများ စတင်လုပ်ဆောင်ရန် အဆိုပါဝန်ကြီးဌာနက အမျိုးသားအခွန်ကြီးကြပ်မှုဘုတ်အဖွဲ့သို့ တောင်းဆိုထားသည်။

**Source: The Business Standard, October 7, 2024**

**(လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

**https://www.doca.gov.mm/**

## ဆန်နှင့်ပဲကို ကုန်ဖလှယ်စနစ်ဖြင့် ကုန်သွယ်ရန် ပါကစ္စတန်နှင့် ရုရှား သဘောတူ



ရုရှားကုမ္ပဏီတစ်ခုသည် ကုလားပဲနှင့်ပဲနီကလေးများကို တင်ပို့၍ ငွေသားရှားပါးနေသော ပါကစ္စတန်မှ လိမ္မော်သီးနှင့် ဆန်များအား Barter ကုန်ဖလှယ်စနစ်ဖြင့် လဲလှယ်ကုန်သွယ်သွားမည်ဖြစ်ကြောင်း၊ အနောက်နိုင်ငံများ၏ ပိတ်ဆို့အရေးယူမှုများကြောင့်

နယ်စပ်ဖြတ်ကျော်ငွေပေးချေမှု အခက်အခဲများကြားတွင် ယခုအစီအစဉ်ဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံပိုင် Tass သတင်းအေဂျင်စီက ဖော်ပြထားသည်။

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပပြုလုပ်သည့် ပါကစ္စတန်-ရုရှား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ်တွင် အဆိုပါ သဘောတူညီမှုရရှိခဲ့ကြောင်း၊ သဘောတူညီချက်အရ ရုရှားမှ Astarta-Agrotrading ကုမ္ပဏီသည် ပါကစ္စတန်သို့ ကုလားပဲတန်ချိန် ၂၀,၀၀၀ ပေးပို့သွားမည်ဖြစ်ကြောင်း၊ အပြန်အလှန်အားဖြင့် ပါကစ္စတန်မှ Meskay & Femtee Trading ကုမ္ပဏီသည် ဆန်တန်ချိန် ၂၀,၀၀၀ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အစီရင်ခံစာအရ သိရသည်။

ထို့ပြင် ရုရှားနိုင်ငံသည် ပါကစ္စတန်နိုင်ငံသို့ ကုလားပဲတန်ချိန် ၁၅,၀၀၀ နှင့်ပဲနီလေးတန်ချိန် ၁၀,၀၀၀ တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း၊ အပြန်အလှန်အားဖြင့် ပါကစ္စတန်မှ လိမ္မော်သီးတန်ချိန် ၁၅,၀၀၀ နှင့် အာလူးတန်ချိန် ၁၀,၀၀၀ တင်သွင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ရုရှားသည် သွင်းကုန်များအတွက် ပေးချေရန်နှင့် ပို့ကုန်များအတွက် ငွေလက်ခံရန် အခြားနည်းလမ်းများကို ရှာဖွေရန်ကြိုးပမ်းနေချိန်တွင် အမေရိကန်မှ ဒဏ်ခတ်ပိတ်ဆို့ထားသော နိုင်ငံများရှိ ဘဏ်များနှင့် ကုန်သွယ်မှုပြုလုပ်သည့် နိုင်ငံများတွင် အမေရိကန်၏ ဖိအားများတိုးမြင့်လာကြောင်း၊ ရုရှားအနေဖြင့် တရုတ်နိုင်ငံနှင့် ကုန်ဖလှယ်စနစ်ကို အသုံးပြု၍ ကုန်သွယ်မှုအစီအစဉ်များကို စတင်နိုင်ဖွယ်ရှိကြောင်း ရိုက်တာသတင်းဌာနက ဩဂုတ်လတွင် ဖော်ပြခဲ့သည်။

ပါကစ္စတန်၏ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Nasir Hamid က ကုန်လဲလှယ်မှုစနစ်တစ်ခုသို့ ပြောင်းလဲရန် ဆုံးဖြတ်ရခြင်းမှာ ပါဝင်ပတ်သက်နေသည့် နိုင်ငံများအနေဖြင့် အပြန်အလှန်ငွေပေးချေမှုတွင် အခက်အခဲအချို့ကြုံတွေ့နေရခြင်းကြောင့်ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု အစီရင်ခံစာများအရ သိရသည်။

ယူကရိန်းနိုင်ငံသို့ ရုရှား၏ကျူးကျော်ဝင်ရောက်မှုကို တန်ပြန်သည့်အနေဖြင့် ရုရှားအပေါ် နိုင်ငံတကာမှ ပိတ်ဆို့အရေးယူမှုများကြောင့် ငွေကြေးလွှဲပြောင်းမှုများ တိုးမြှင့်စစ်ဆေးခံနေရကြောင်း၊ ထိုကဲ့သို့ အခြေအနေများတွင် ကုန်ဖလှယ်မှုအစီအစဉ်များကြောင့် ကုမ္ပဏီများအား ဘဏ်ငွေပေးချေမှုများတွင် ပါဝင်မည့်အစား ကုန်ပစ္စည်းများ တိုက်ရိုက်လဲလှယ်ခြင်းဖြင့် အခက်အခဲများကို ကျော်လွှားနိုင်သည့် နည်းလမ်းများကို ဖော်ဆောင်ပေးကြောင်း၊ အဆိုပါ သဘောတူညီချက်များသည် ပိတ်ဆို့အရေးယူမှုများနှင့်ပတ်သက်၍ အလျှော့ပေးနိုင်ရေးအတွက် တာဝန်ပေးအပ်ထားသော စောင့်ကြည့်အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကို ရှောင်ရှားရန် ကူညီပေးကြောင်း သိရသည်။

ဆိုဗီယက်ပြည်ထောင်စု မပြိုကွဲမီကာလ၌ ကုန်စည်လဲလှယ်ရေး သဘောတူညီချက်များသည် ပေကျင်းနှင့် မော်စကိုကြားတွင် ပြုလုပ်လေ့ရှိသော အလေ့အထများဖြစ်ခဲ့ပြီး ၁၉၉၀ ပြည့်လွန်နှစ်များအထိ ဆက်လက်ဆောင်ရွက်မှု များရှိနေသည်။

ရှုပ်ထွေးသော စိန်ခေါ်မှုများကြောင့် ပါကစ္စတန်သည် မကြုံစဖူးသော ဘဏ္ဍာရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်းကို ထင်ရှားသော ပါကစ္စတန်-အမေရိကန် စီးပွားရေးပညာရှင်တစ်ဦးက သတိပေးခဲ့ကြောင်း PTI သတင်းဌာနက ဖော်ပြထားသည်။

ပြည်တွင်းနှင့်ပြည်ပ ကြွေးမြီများ တစ်ပုန်ထိုးတက်လာခြင်း၊ ပင်စင်လစာပေးရန်တာဝန်များ ရေရှည်ခိုင်မာတည်တံ့မှု မရှိခြင်းနှင့် စွမ်းအင်ကဏ္ဍ၌ အားနည်းခြင်းတို့သည် ပါကစ္စတန်ကို စီးပွားရေးချောက်ထဲကျသွားစေမည့် အရေးပါသော အချက်များဖြစ်သည်ဟု Princeton ဘောဂဗေဒ ပညာရှင် Atif Mian မှ ထောက်ပြထားကြောင်း Dawn သတင်းစာက ဖော်ပြထားသည်။

Source: Economic Times, 4 October, 2024

**(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

https://www.doca.gov.mm/

# STOCK EXCHANGE (15.10.2024)

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 15th Oct. 2024

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,839 (Shares) | 17,996,150 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | -100 | -1.16% | 8,500 | 8,500 | 8,500 | 596 | 5,066,000 | 33,109,694 | 281,432 |
| MTSH | 00002 | 3,350 | -50 | -1.47% | 3,400 | 3,400 | 3,300 | 2,613 | 8,730,900 | 38,929,150 | 130,413 |
| MCB | 00003 | 8,400 | +0 | +0.00% | 8,400 | 8,400 | 8,400 | 101 | 848,400 | 10,400,986 | 87,368 |
| FPB | 00004 | 1,950 | +0 | +0.00% | 1,950 | 1,950 | 1,950 | 407 | 793,650 | 29,664,613 | 57,846 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 0 | 0 | 12,823,224 | 34,623 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,650 | 1,700 | 1,650 | 720 | 1,188,500 | 19,977,223 | 33,961 |
| AMATA | 00007 | 4,400 | -100 | -2.22% | 4,300 | 4,400 | 4,300 | 2 | 8,700 | 10,497,598 | 46,189 |
| MAEX | 00008 | 3,400 | +0 | +0.00% | 3,400 | 3,400 | 3,400 | 400 | 1,360,000 | 23,804,946 | 80,937 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 15th Oct. 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.10 | -3.34 | -0.83% | 400.69 | 400.69 | 398.01 | 4,839 | 17,996,150 | 8 | 752,769 |

### Index chart




/mktdata/market-summary/


YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

Market summary

As of 15th Oct. 2024

Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 399.10 | -3.34 | -0.83% | 400.69 | 400.69 | 398.01 | 4,839 | 17,996,150 | 8 | 752,769 |

Index chart